Myanmar National Human Rights Commission

e-Newsletter

Vol.1 No.9 September

# နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်းအမှတ်စဉ် (၂၁) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချ



U Hla Myint, Chairman (MNHRC)

ဩဂုတ်လ ၁၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်သည် နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်သင်တန်း အမှတ်စဉ် (၂၁) ၌ ၁၀-၈-၂၀၂၂ ရက်နေ့၊ နံနက် ၀၈:၀၀ နာရီမှ ၁၁:၅၀ နာရီအချိန်အထိ Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ထူထောင်မှု Establishment of NHRIs နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR)၊ Human Rights နှင့် International Human Rights Conventions ဘာသာရပ် သင်ခန်းစာများ ပို့ချရာတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကုလသမဂ္ဂလူ့အခွင့်အရေးယန္တရား၊ ကမ္ဘာ့နိုင်ငံများ၏ လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်များနှင့် ဆက်စပ်ရှင်းလင်း ဆွေးနွေးခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားဦးရေ စုစုပေါင်း (၁၃၃) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင် ဥက္ကဋ္ဌ ဦးလှမြင့်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများကျင်းပ

သြဂုတ်လ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၈/ ၂၀၂၂) ကို ၃၁ -၈- ၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။ ကော်မရှင်၏ ၂၀၂၂ ခုနှစ်၊ သြဂုတ်လအတွက် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/ ၂၀၂၂) ကို ၄- ၈- ၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးပေါ်လွင်စိန်၊ ဦးကျော်စိုးနှင့် ဦးတင်အောင် အထူးဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် (ဘဏ္ဍာ)၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## ရမည်းသင်းအကျဉ်းထောင်၊ ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် ရမည်းသင်းမြို့မရဲစခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဇူလိုင်လ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၆-၇-၂၀၂၂ ရက်နေ့တွင် ရမည်းသင်း အကျဉ်းထောင်နှင့် ရမည်းသင်းမြို့မရဲစခန်း အချုပ်ခန်းတို့ကိုလည်းကောင်း၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမွန်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၈-၇-၂၀၂၂ ရက်နေ့တွင် ကင်းသာ (၁) ကုန်ထုတ်စခန်းနှင့် ကင်းသာ (၂) ကုန်ထုတ်စခန်းတို့ကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်း ထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အဆောင်လိုက် တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ သောက်ရေ/ သုံးရေ လုံလောက်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊

စာမျက်နှာ ၃ သို့


ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် ရဲစခန်းအချုပ်ခန်းများအား ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ သောက်ရေ/ သုံးရေကန်များ၊ မိလ္လာများသန့်ရှင်းမှု ရှိ၊ မရှိကိုလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် အကျဉ်းစခန်းများရှိ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန်စာသားများပါရှိသော မှတ်စုစာအုပ် ၃၀၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၃၀၀ အုပ်နှင့် Oxygen Regulator ၃ လုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများက လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်များနှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချ



### ဩဂုတ်လ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးဇော်လွင်ထူးနှင့် ဦးအာကာဟိန်းစိုးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) ၌ ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၀) နှင့် အမှတ်စဉ် (၁၀၁) တို့ကို ၁၅-၈-၂၀၂၂ ရက်နေ့ နံနက် ၀၇:၄၀ နာရီမှ ၁၅:၀၀ နာရီအချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းက လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားဘာသာရပ်အကြောင်းကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးက အုပ်စုလိုက် အခွင့်အရေးများအကြောင်း စသည့်ဘာသာရပ် သင်ခန်းစာများအသီးသီး ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူးသင်တန်း အမှတ်စဉ် (၁၀၀) ၌ သင်တန်းသား ဦးရေ (၆၂) ဦးနှင့် အမှတ်စဉ် (၁၀၁) တွင် သင်တန်းသားဦးရေ (၆၂) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၁၂၄) ဦး တက်ရောက်ခဲ့ကြပါသည်။

# တောင်ငူအကျဉ်းထောင်နှင့် ရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း



ဩဂုတ်လ ၂၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၅-၈-၂၀၂၂ ရက်နေ့တွင် ၄ မိုင် ကုန်ထုတ်စခန်းနှင့် တောင်ငူအကျဉ်းထောင်သို့လည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာမှုန်းနှင့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၆-၈-၂၀၂၂ ရက်နေ့တွင် တောင်ငူ အကျဉ်းထောင်နှင့် ယင်းမြို့ပေါ်ရှိ ရဲစခန်းအချုပ်ခန်းတို့ကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်၊ ကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်းထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သား တစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိခြင်း ရှိ၊ မရှိ နှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံ ပြီးစီးမှု၊ ကုန်ထုတ်လုပ်နေမှုအခြေအနေ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများအား ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ၊ ကုန်ထုတ်စခန်းလုပ်ငန်းခွင် အန္တရာယ်ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။



အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန် စာသားများပါရှိသော မှတ်စုစာအုပ် ၆၀၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၂၀၀ အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

# တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး၊ ဘုရင့်နောင်) တို့တွင် Video Conferencing System ဖြင့် သင်ခန်းစာ ပို့ချ

ဩဂုတ်လ ၁၆ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၁) နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ခွဲမှူး သင်တန်း အမှတ်စဉ် (၇၅၊ ၇၆) တို့ကို ၁၆-၈-၂၀၂၂ ရက်နေ့ နံနက် ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီအချိန်ထိ Video Conferencing System ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာတင်မောင်မောင်သန်းက လူ့အခွင့်အရေး အခြေခံအယူအဆများအကြောင်းကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ကမ္ဘာ့လူ့အခွင့် အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကိုလည်းကောင်း စသည့်ဘာသာရပ် သင်ခန်းစာများအသီးသီး



ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၂၁၁) ၌ သင်တန်းသားဦးရေ (၁၂၄) ဦးနှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၇၅၊ ၇၆) ၌ သင်တန်းသား ဦးရေ (၂၄၃) ဦး စုစုပေါင်း သင်တန်းသားဦးရေ (၃၆၇) ဦး တက်ရောက်ခဲ့ကြပါသည်။

"The rights of every man are diminished when the rights of one man are threatened"

"လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးများ ခြိမ်းခြောက်ခံရသောအခါ လူတိုင်း၏ အခွင့်အရေးများ လျော့နည်းသွားသည်"

John F. Kennedy (1917– 1963)

# မိတ္ထီလာအကျဉ်းထောင်၊ ဘုရားငါးဆူကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်း များကို ကြည့်ရှုစစ်ဆေးခြင်း



သြဂုတ်လ ၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁-၈-၂၀၂၂ ရက်နေ့တွင် မိတ္ထီလာ အကျဉ်းထောင်နှင့် မိတ္ထီလာမြို့မရဲစခန်း အချုပ်ခန်းကိုလည်းကောင်း၊ ၂-၈-၂၀၂၂ ရက်နေ့တွင် ဘုရားငါးဆူကုန်ထုတ်စခန်းနှင့် သာစည်မြို့မရဲစခန်း အချုပ်ခန်းကိုလည်းကောင်း သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်၊ ကုန်ထုတ်စခန်းနှင့် ရဲစခန်းအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေ လုပ်ထုံးလုပ်နည်းထုတ်ပြန်ချက်များနှင့်အညီ အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသား/ အချုပ်သားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများရရှိခြင်း ရှိ၊ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ၊ ကိုဗစ်ကာကွယ်ဆေးထိုးနှံ ပြီးစီးမှု၊ ကုန်ထုတ်လုပ်နေမှုအခြေအနေ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများအား ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများ၏ အိပ်ဆောင်များ၊ ထောင်တွင်းဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ၊ ကုန်ထုတ်စခန်းလုပ်ငန်းခွင် အန္တရာယ် ရှိ၊ မရှိ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

အကျဉ်းသား/ အကျဉ်းသူ၊ အချုပ်သား/ အချုပ်သူများအတွက် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းမြန်မာပြန်စာသားများ ပါရှိသော မှတ်စုစာအုပ် ၂၀၀ အုပ်၊ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ ၂၀၀ အုပ်နှင့် Oxygen Regulator ၂ လုံးတို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ တာဝန်ခံအရာရှိများမှ လက်ခံရယူခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါသည်။



# လွေလျော်အင်း စိုက်ပျိုးမွေးမြူရေးစခန်းနှင့် ရွှေမြဲယာ စိုက်ပျိုးမွေးမြူရေး စခန်းတို့ ကို ကြည့်ရှုစစ်ဆေးခြင်း



ဩဂုတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင် ဦးတင်အောင်နှင့် ဒေါက်တာသန်းမြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၈-၈-၂၀၂၂ ရက်နေ့တွင် လွေလျော်အင်း စိုက်ပျိုးမွေးမြူရေး စခန်းနှင့် ရွှေမြဲယာ စိုက်ပျိုးမွေးမြူရေး စခန်းတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား လုပ်အားရှင်များကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့်အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ၊ မရှိ၊ ထောင်ဝင်စာ ပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ၊ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင် ပစ္စည်းများ ရရှိခြင်း ရှိ၊ မရှိနှင့် စိုက်ပျိုးမွေးမြူရေးစခန်းများအတွင်း ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်းတင်ခဲ့ပါသည်။

လွေလျော်အင်း စိုက်ပျိုးမွေးမြူရေးစခန်းနှင့် ရွှေမြဲယာ စိုက်ပျိုးမွေးမြူရေး စခန်းတို့ကို ဝင်ရောက် ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား လုပ်အားရှင်များ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေနှင့် သုံးရေကန်များ၊ အတွင်း/ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိတို့ကိုလည်းကောင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စိုက်ပျိုးမွေးမြူရေးစခန်းများအတွက် ကော်မရှင်မှ ဗဟုသုတ ရဖွယ်ရာ စာအုပ် (၁၀၀) တို့ကို လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်များအတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

# Adobe Indesign သင်တန်း ဖွင့်လှစ်ခြင်း

ဩဂုတ်လ ၁၂ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး e-Government ဌာနသည် ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် Poster Design များ Flyer Design နှင့် Book Cover Design များကို မိမိကိုယ်တိုင် Design များ ဖန်တီးနိုင်စေရန် ရည်ရွယ်၍ Adobe Indesign သင်တန်းကို ၈-၈-၂၀၂၂ ရက်နေ့မှ ၁၂-၈-၂၀၂၂ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီးကော်မရှင်ရုံးဌာနအသီးသီးမှ အရာထမ်း ၅ ဦး၊ အမှုထမ်း ၄ ဦး၊ စုစုပေါင်း ၉ ဦး တက်ရောက်ခဲ့ပါသည်။



# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး တင်ဒါဖွင့်ဖောက်ခြင်း အခမ်းအနားကျင်းပ




ဩဂုတ်လ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ရုံးသုံးစက်ပစ္စည်း ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် Lot (1) Lot(2) အမျိုးအစားများခွဲ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် နိုင်ငံသားလုပ်ငန်းရှင်များကို ဖိတ်ခေါ်သည့် တင်ဒါကြော်ငြာစာအား ၂၇-၇-၂၀၂၂ ရက်နေ့တွင် ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာနှင့် မြဝတီသတင်းစာ စသည့် နိုင်ငံပိုင် သတင်းစာများတွင် လည်းကောင်း၊ ကော်မရှင် Web Page ၊ Myanmar National Portal တို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ် ချုပ်ရေးဦးစီးဌာန၊ မရမ်းကုန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ရှိ ကြော်ငြာသင်ပုန်းများတွင် လည်းကောင်း အများပြည်သူ သိရှိစေရန် အသိပေးကြေညာခဲ့ပါသည်။ ခေါ်ယူခဲ့သည့် တင်ဒါကြော်ငြာစာအရ တင်ဒါစာအိတ်များ လာရောက်တင်သွင်းကြသည့် ကုမ္ပဏီများ၏ တင်ဒါစာအိတ်များ ဖွင့်ဖောက်ခြင်း အခမ်းအနားကို ၃၀.၈.၂၀၂၂ ရက်နေ့၊ နံနက် (၁၀:၀၀) အချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် (တင်ဒါကော်မတီ ဥက္ကဋ္ဌ) ၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး (တင်ဒါကော်မတီအဖွဲ့ဝင်)၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် (တင်ဒါကော်မတီအဖွဲ့ဝင်) တို့မှ ဦးဆောင်တက်ရောက်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဇေယျာလင်းပါ ကော်မတီဝင် (၃) ဦး၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေး ကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးပါ ကော်မတီဝင် (၂) ဦး၊ Hybrid Tech Asia Co.Ltd မှ အခွင့်ရ ကိုယ်စားလှယ် ဦးထွန်းမင်းနိုင်နှင့် Autumn Dream Construction Co.Ltd မှ ဒါရိုက်တာ ဦးလုံဂွန်း၊ ဒေါ်နော်ချိုဝါဆို၊ စုစုပေါင်း(၁၃) ဦး တက်ရောက်ခဲ့ပါသည်။

အခမ်းအနားတွင် တင်ဒါကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က အဖွင့်အမှာစကားပြောပြီး တင်ဒါ လက်ခံရေးနှင့် စိစစ်ရေး ကော်မတီဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဦးဇေယျာလင်း၊ အဖွဲ့ဝင် ဦးစီးအရာရှိ ဦးမြတ်သူရနှင့် အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ထက်စိုးတို့က တက်ရောက်လာသူများ ရှေ့မှောက်၌ တင်ဒါစာအိတ်များကို ဖွင့်ဖောက်စိစစ်မှတ်တမ်းတင်ခဲ့ကြောင်း၊ ထို့နောက် တင်ဒါ ကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားခဲ့ပြီး (၁၁:၁၅) အချိန်၌ အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

## Computer Maintenance သင်တန်း ဖွင့်လှစ်ခြင်း

သြဂုတ်လ ၁၈ ရက်

မြန်မာနိုင်ငံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအရေးကော်မရှင်ရုံး e-Government ဌာနသည် ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် မိမိအသုံးပြုနေသော Personal Computer များ မိမိတို့ကိုယ်တိုင် ပုံမှန်ထိန်းသိမ်းနိုင်ခြင်း၊ Virus, Malware များကို ရှင်းလင်းနိုင်ခြင်း၊ ပုံမှန် ပြုပြင် ထိန်းသိမ်းခြင်းဖြင့် Software error များကို လျှော့ချစေနိုင်ရန်နှင့် Computer Maintenance အဆင့်မြှင့်တင်ခြင်း ပြုလုပ်နိုင်စေရန် ရည်ရွယ်၍ Computer Maintenance သင်တန်းအား ၁၆-၈-၂၀၂၂ ရက်နေ့မှ ၁၈-၈-၂၀၂၂ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကော်မရှင်ရုံးဌာနအသီးသီးမှ အရာထမ်း ၃ ဦး၊ အမှုထမ်း ၆ ဦး၊ စုစုပေါင်း ၉ ဦး တက်ရောက်ခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအရေးကော်မရှင်ရုံး၊ ရုံးဝန်ထမ်းများ ဆန္ဒဖော်ထုတ်ပွဲကျင်းပ



သြဂုတ်လ ၂၉ ရက်

မြန်မာနိုင်ငံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအရေးကော်မရှင်ရုံးမှ အရာထမ်း/ အမှုထမ်းများ၏ ဆန္ဒဖော်ထုတ်ပွဲ အခမ်းအနား (၅/၂၀၂၂) ကို ရန်ကုန်မြို့ အမှတ်(၂၇)၊ ပြည်လမ်း၊ လှိုင်မြို့နယ်ရှိ ကော်မရှင်ရုံး Conference Room တွင် ၂၀၂၂ခုနှစ်၊ သြဂုတ်လ ၂၉ ရက်နေ့ ၁၀:၃၀ နာရီအချိန်တွင် ကျင်းပခဲ့ပါသည်။ အဆိုပါ ဆန္ဒဖော်ထုတ်ပွဲသို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဆောင်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနတာဝန်ခံများ၊ အရာထမ်း/ အမှုထမ်းများ၊ ရုံးခွဲအသီးသီးမှ အရာထမ်း/ အမှုထမ်းများ တက်ရောက်ကြပါသည်။ အခမ်းအနားအစီအစဉ်အရ ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်နှင့် ရာသီတုပ်ကွေးများဖြစ်ပွားနေသဖြင့် ကျန်းမာရေး ဂရုစိုက်စေလိုကြောင်း၊ မိမိလုံခြုံရေး ဂရုစိုက်ရန်နှင့် လစာနှင့် လျော်ညီစွာ ချင့်ချိန်သုံးစွဲ နေထိုင်စေလိုကြောင်း ပြောကြားခဲ့ပါသည်။ ညွှန်ကြားရေးမှူး ဦးစောလွင်က ဆန္ဒဖော်ထုတ်ခြင်း (၄/၂၀၂၂) မှ ဆောင်ရွက်ပြီးစီးမှုများနှင့် အခြားသော ဝန်ကြီးဌာနများမှ ကော်မရှင်သို့ ပေးပို့သည့် ဝင်စာများအနက် ဝန်ထမ်းများ သိရှိထားသင့်သည့် ကိစ္စများအား ရှင်းလင်းပြောကြားပါသည်။ စစ်တွေ (ရုံးခွဲ) မှ တာဝန်ခံဦးစီးအရာရှိ ဦးဇော်ဝင်းနိုင်က ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်ထံ တင်ပြအကူအညီ တောင်းခံခဲ့သည့် ကျန်းမာရေးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဇနီးဖြစ်သူ စစ်တွေမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ကိစ္စ ရရှိပြီဖြစ်သဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ စစ်တွေ (ရုံးခွဲ) တိုးချဲ့မြေနေရာနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနသို့ ဆက်သွယ်ခဲ့ရာ အစိုးရအဖွဲ့ အစည်းအဝေးတွင် တင်ပြဆုံးဖြတ်နိုင်မည်ဟု သိရှိရပါကြောင်း စသည်ဖြင့် တင်ပြဆွေးနွေးခဲ့ပါသည်။ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ပါသည်။ ဆန္ဒဖော်ထုတ်ပွဲအား ၁၁:၃၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပြီး အခမ်းအနားသို့ ကော်မရှင်ရုံးမှ အရာထမ်း/အမှုထမ်း (၅၆) ဦးတက်ရောက်ခဲ့ပါသည်။

# ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများတွင် လစ်လျက်ရှိသည့် ရာထူးနေရာများ ခန့်ထားနိုင်ရေး ဆောင်ရွက်ခြင်း

ဩဂုတ်လ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ရုံးချုပ်တွင် လစ်လပ်လျက်ရှိသည့် အငယ်တန်းစာရေး ရာထူးနေရာများ၌ ခန့်ထားနိုင်ရန်အတွက် ၁၇-၈-၂၀၂၂ ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာ လက်တွေ့ စစ်ဆေးခြင်းအားလည်းကောင်း၊ ကော်မရှင် ပုသိမ် (ရုံးခွဲ) တွင် လစ်လပ်လျက်ရှိသည့် အကြီးတန်း စာရေး၊ အငယ်တန်းစာရေးနှင့် ရုံးအကူ ရာထူးများ၌ ခန့်ထားနိုင်ရန်အတွက် ၂၄-၈-၂၀၂၂ ရက်နေ့တွင်လူတွေ့ စစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းအား လည်းကောင်း ပြုလုပ်ခဲ့ပါသည်။



## တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း

၂၀၂၂ ခုနှစ်၊ ဇူလိုင်လအတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ တိုင်တန်းချက် (၂၂) စောင် လက်ခံရရှိခဲ့ပါသည်။ ဇွန်လ တိုင်တန်းချက် လက်ကျန် (၁၁) စောင်၊ စုစုပေါင်း တိုင်တန်း ချက် (၃၃) စောင်ရှိပြီး တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေး အဖွဲ့အစည်းအဝေး (၁) ကြိမ် ကျင်းပ ပြုလုပ်ခဲ့ပြီး စိစစ်ခဲ့ရာ တိုင်တန်းချက် ( ၁၀ ) စောင် ကို လိုအပ်သလို စိစစ် ဆောင်ရွက်ပေးနိုင်ရေး အတွက် သက်ဆိုင်ရာဌာနများသို့ ပေး ပို့ အကြောင်းကြားခဲ့ပါသည်။ တိုင်တန်းချက် ( ၂ ) စောင်ကို ကာယကံရှင်ထံ ကော်မရှင်မှ အကြံပြုချက်နှင့်အတူ ပြန်ကြားခဲ့ပြီး၊ တိုင်တန်းချက် ( ၈ ) စောင်ကို ကော်မရှင်ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ၃၇ (ခ) အရလည်းကောင်း၊ ၃၂ (ဂ) အရ လည်းကောင်း၊ တိုင်စာ အင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း၊ အထောက်အထားမပြည့်စုံသဖြင့် လည်းကောင်း မှတ်တမ်းထားရှိရန် ဆုံးဖြတ်ခဲ့ပါသည်။ ဇူလိုင်လတွင် ဆောင်ရွက်ရန် တိုင်တန်းချက် (၁၃) စောင် ကျန်ရှိပါသည်။

## စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချ

ဩဂုတ်လ ၃ဝ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် စုံစမ်းစစ်ဆေးမှုအတတ်ပညာသင်ကျောင်း(တောင်ငူ) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ်သင်တန်းအမှတ်စဉ် (၁/၂ဝ၂၂) သို့ ၃ဝ-၈-၂ဝ၂၂ ရက်နေ့ မွန်းလွဲ ၁၃:ဝဝ နာရီမှ ၁၅:၅ဝ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချခဲ့ပါသည်။

အဆိုပါ သင်တန်းတွင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အကြောင်း၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည်တို့ကို ပို့ချခဲ့ပါသည်။ သင်တန်းတွင် စုစုပေါင်း သင်တန်းသားဦးရေ (၂၁) ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

## လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတွင် သင်ခန်းစာ သွားရောက်ပို့ချ



ဩဂုတ်လ ၃၁ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသား အဆင့်ကော်မတီက ဖွင့်လှစ်သည့် "ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီး ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း" သို့ ၃၁-၈-၂ဝ၂၂ရက်နေ့ ၁၃:၃ဝ နာရီမှ ၁၄:၃ဝ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းတွင် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ကိစ္စရပ်များကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ဆွေးနွေး ပို့ချခဲ့ပါသည်။ သင်တန်းတွင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများမှ စုစုပေါင်းသင်တန်းသားဦးရေ (၅ဝ) ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က ပြန်လည်ဖြေကြားခဲ့ပါသည်။

# *ENGLISH SECTION*

## Chairman of MNHRC Gives Human Rights Lecture at National Defence College (Naypyitaw)




August 10

As part of the human rights promotion and education activities of Myanmar National Human Rights Commission, U Hla Myint, the Chairman of MNHRC gave lectures on human rights via video conferencing system at the National Defence College Training Course (No.21) held at the National Defence College (Naypyitaw) on 10 August 2022 from 8:00 am to 11:50 am.

In doing so, Chairman U Hla Myint delivered the lectures on human rights such as establishment of National Human Rights Institutions (NHRIs), about Myanmar National Human Rights Commission, Universal Declaration of Human Rights (UDHR) and International Human Rights Conventions. In his lectures, the Chairman elaborated on Human Rights Concept, United Nations Human Rights Mechanism and Universal Periodic Review (UPR). After that the lecturer answered the questions asked by the trainees. A total of 133 Senior Army officers attended the above-mentioned course.

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo)



August 15

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Than Myint, Commissioner, Dr. Khine Khine Win, Deputy Director-General, U Zaw Lwin Htoo and U Arkar Hein Soe, Directors of the Commission gave lectures on human rights via video conferencing at the Battalion Commander Training Courses (No.100 and No.101) held at Myanmar Army Combat Force School (Bahtoo) on 15 August 2022 from 7:40 am to 3:00 pm.

In doing so, Commissioner Dr. Than Myint delivered the lectures on Human Rights Concept and Universal Declaration of Human Rights, Deputy Director-General Dr. Khine Khine Win gave the lectures on National Human Rights Institutions (NHRIs) and about Myanmar National Human Rights Commission, Director U Zaw Lwin Htoo and Director U Arkar Hein Soe the lectures on UN Human Rights Mechanism and Collective Rights. A total of 124 army officers attended the above-mentioned courses; 62 Officers on the Battalion Commander Training Course (No.100) and 62 Officers on (No.101).

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bahtoo and Bayintnaung)

August 16

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Dr. Tin Maung Maung Than, Commissioner and Daw Mi Mi Khaing, Deputy Director, of the Commission simultaneously gave lectures on human rights via video conferencing at the Company Commander Training Course (No.211) held at Myanmar Army Combat Force School (Bahtoo) and the Courses (No.75 and No.76) at MACFS (Bayintnaung) on 16 August 2022 from 7:40 am to 10:40 am.

In doing so, Commissioner Dr. Tin Maung Maung Than delivered the lectures on Human Rights Concept and Deputy Director Daw Mi Mi Khaing gave the lectures on Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. A total of 367 army officers attended the above–mentioned courses; 124 Officers on the Company Commander Training Course 122 Officers on (No.211) Bahtoo and 243 Officers on (No.75 and No.76) Bayintnaung.



---

## MNHRC Gives Human Rights Lecture at Special Investigation Training School (Taungoo)

August 30

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Daw Mi Mi Khaing, Deputy Director of the Commission gave lectures on human rights at the Investigation Officer course (No.1/2022) held at the Special Investigation Training School on 30 August 2022 from 1:00 pm to 3:50 pm.

In doing so, Deputy Director Daw Mi Mi Khaing delivered the lectures on Human Rights Concept, the Universal Declaration of Human Rights and Organization and Functions of Myanmar National Human Rights Commission. After that the lecturer answered the questions asked by the trainees. A total of 21 officers from Bureau of Special Investigation attended the above–mentioned course.

# MNHRC Gives Human Rights Lecture at Ministry of Social Welfare Relief and Resettlement

August 31

As part of the human rights promotion and education activities of Myanmar National Human Rights Commission, Daw Mi Mi Khaing, Deputy Director of the Commission gave a lecture on human rights at “Capacity Building Training for the staff, relating to Prevention of and Response to Sexual Violence during the Conflict” held at the Ministry of Social Welfare Relief and Resettlement on 31 August 2022 from 1:30 pm to 2:30 pm.

In doing so, Deputy Director Daw Mi Mi Khaing discussed the matter of prevention for and response to sexual violence during the conflict from the perspective of human rights. After that the lecturer answered the questions asked by the trainees. A total of 50 staff officers from the ministry concerned attended the above-mentioned course.



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm
facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊မန္တလေးမြို့။ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။
ဖုန်း –၀၉၄၂၅၈၆၀၀၀၈

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*
*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*
*e-government@mnhrc.org.mm*